**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** chinland.org **Email:** cnf.headquarters@gmail.com

**လက်ရှိ နိုင်ငံရေးအခြေအနေများပေါ် ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် လက်ရှိအာဏာရအစိုးရထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အချုပ်အခြာအာဏာကို အရေးပေါ်အခြေအနေ ကြေညာကာ မြန်မာ့တပ်မတော်က အာဏာသိမ်းယူခြင်းသည် လက်ရှိဖော်ဆောင်နေသော ယုံကြည်မှုတည်ဆောက်ရေး၊ အမျိုးသား ပြည်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထိခိုက် ပျက်စီးစေနိုင်သည့်အပြင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီစံနှုန်းတို့နှင့် ဆန့်ကျင်သော လုပ်ဆောင်မှုဖြစ်သောကြောင့် ကန့်ကွက်သည်။

၂။ ထိုသို့သောအခြေအနေတွင် ချင်းအမျိုးသားတပ်ဦးအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြန်လည်ရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူပြည်သားများနှင့် အတူတကွ ရပ်တည် ပူးပေါင်းဆောင်ရွက်သွားမည်။

၃။ ယခုအချိန်ကာလသည် ကမ္ဘာ့ကပ်ရောဂါ ကိုရိုဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ကို အခြားနိုင်ငံများနည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူပြည်သားများလည်း ရင်ဆိုင်ခံစားနေကြရသည့် ခက်ခဲသောကာလ ဖြစ်သည်နှင့်အညီ ပြည်သူများ၏ ကျန်းမာရေးအား အထူးဂရုပြု ကာကွယ်စောင့်ရှောက်ရန်နှင့် စိုးရိမ်ကြောင့်ကြမှု လျော့နိုင်သမျှ လျော့ပါးစေရန်အတွက် အစုအဖွဲ့အသီးသီးက မိမိတို့ တတ်စွမ်းသမျှ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရမည့်ကာလ ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံပုဂ္ဂိုလ်များအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ရှေးရှုကြလျက် လက်ရှိဖြစ်ပေါ်နေသော ကိစ္စအရပ်ရပ်ကို သက်ဆိုင်သည့် အစုအဖွဲ့အသီးသီးအနေဖြင့် ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်း အဖြေရှာဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

ဆက်သွယ်ရန် -

ဆလိုင်းထက်နီ
ပြောခွင့်ရပုဂ္ဂိုလ်၊ ချင်းအမျိုးသားတပ်ဦး
ဖုန်း
+၉၅ ၉၄၀၁၁၄၇၉၇၄
+၉၁ ၆၉၀၉၇၅၁၇၂၁